# မင်းမြတ်သူရ

ဂျမဒါမင်းထင် နှင့် သုံးပွင့်ဆိုင်



L လင်း

# အခန်း(၁)

ကျွန်ုပ်သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ ပြန်လာပြီးနောက် ဘုန်းကြီးလမ်းရှိ မိတ်ဆွေကြီး ဂျာမဒါမင်းထင်၏ နေအိမ်၌ အတူတကွ နေထိုင်ခဲ့လေ၏။

ထိုအချိန်၌ ကျွန်ုပ်သည် စစ်သားလူထွက်ဘဝ၌ စီးပွားရေး အကြပ်အတည်းများနှင့် ကြုံတွေ့နေစဉ် ဂျာမဒါမင်းထင်က ကူညီစောင့်ရှောက်ထားခြင်းဖြစ်၏။

ဂျာမဒါမင်းထင်သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ ပြန်လာပြီးနောက် အနောက်နိုင်ငံများ၌ ခေတ်စားသော အလွတ်စုံထောက်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းရုံမက အမြတ်ကြီးစား ခေါင်းပုံဖြတ်သူများအပေါ် ကတုံးပေါ်ထိပ်ကွက်သော အလုပ်ကို လုပ်ကိုင်နေ၏။

ထိုအလုပ်ကို လုပ်ကိုင်ရခြင်းမှာ ဂျာမဒါမင်းထင်၏ မကောင်းသူပယ် ကောင်းသူကယ်သော စိတ်ဓါတ်ကြောင့်ဖြစ်၏။ သူ၏ စိတ်၌ မတရားထင်သောအမှုကို ငွေကြေးအမြောက်အမြားရရှိသော်လည်း လက်မခံဘဲ တရားနည်းလမ်းကျသည် ထင်သောအမှု၌ ပိုက်ဆံတစ်ပြားတစ်ချပ်မျှ မရစေကာမူ အိတ် ထဲစိုက်၍ လိုက်တတ်သူဖြစ်၏။

ထိုအပြင် ဂျာမဒါမင်းထင်၏ စိတ်ဓါတ်မှာ မည်မျှပင်ရာထူးကြီးမြင့်သူဖြစ်စေကာမူ ဦးညွတ်ခြင်းမရှိဘဲ တည်ကြည်ခန့်ညားစွာ ဆက်ဆံတတ်၏။

ဂျာမဒါမင်းထင်၏ တန်ဖိုးအရှိဆုံးစွမ်းရည်တစ်ခုမှာ သူ၏ ပညာဗဟုသုတဖြစ်၏ ။

သူသည် မည်သည့်ဘာသာ၌ မဆို ရင်းနှီးကျွမ်းဝင်နေလေ့ရှိပြီး မှတ်ဉာဏ်စွမ်းအားလည်း အလွန် ကောင်းသူဖြစ်၏ ။

တစ်ခါက ဂျာမဒါမင်းထင်သည် စာမျက်နှာပေါင်း တစ်ရာကျော်စာအုပ်ကို တစ်ကြိမ်တည်းဖတ်ရှုပြီး တစ်လုံးမကျန် ပြန်လည်ရွတ်ဖတ်ပြဖူး၏ ။

သူ၏ မှတ်ဉာဏ်နှင့်ဆိုလျှင် ပါမောက္ခကြီးတစ်ဦး ဖြစ်နိုင်သော်လည်း စစ်တပ်ထဲ၌ ဂျာမဒါကဲ့သို့ သော ရာထူးငယ်ခေးမျှသာ ဝင်ရောက်လုပ်ကိုင်ခြင်းကို အံ့ဩလွန်းသဖြင့် မေးမြန်းကြည့်လေရာ ဂျာမဒါမင်းထင်က

“ ကျူပ်က ပညာရှိကြီးမဖြစ်ချင်ဘူး ၊ လူစွန့်စားတစ်ယောက်ပဲ ဖြစ်ချင်တယ် “

ဟုပြောဖူး၏ ။ ဂျာမဒါမင်းထင်သည် မက်ဆိုပိုတေးမီးယားစစ်မြေပြ[illegible]၌ သူရဲကောင်း တံဆိပ်မျိုးစုံကို ရရှိထားသူပီပီ သူရသတ္တိအရာ၌ စံနမူနာတင်ထိုက်သူဖြစ်၏ ။ သူသည် စစ်မြေပြင်၌ ဗြိတိသျှအရာရှိများ

ဩချရလောက်အောင် မြန်မာ့သတ္တိပြဖူး၏ ။

ဂျာမဒါမင်းထင်၏ ကိုယ်လုံးကိုယ်ပေါက်မှာ ဗလမောင်ကြီးများကဲ့သို့ မြင်မကောင်းအောင် ထွား ကြိုင်းလွန်းသူမဟုတ်သော်လည်း လွန်စွာကြံ့ခိုင်သန်စွမ်းသူဖြစ်၏ ။

ဂျာမဒါမင်းထင်၏ ထူးခြားသော စွမ်းရည်တစ်ရပ်မှာညပေါင်းများစွာမအိပ်ဘဲနေနိုင်ပြီးအပင်ပန်းခံ နိုင်သူဖြစ်၏ ။

ထိုသို့ အပင်ပန်းခံနိုင်အောင် မိမိကိုယ်မိမိ လေ့ကျင့်ထားသူဖြစ်၏။

ဂျာမဒါမင်းထင်၏ ကြံ့ခိုင်သန်စွမ်းမှုကို ဥပမာပြရလျှင် သူသည် လက်တစ်ဖက်တည်းဖြင့် နာရီပေါင်း များစွာ ဒိုက်ထိုးနိုင်၏။

တစ်ခါက လွန်စွာသန်စွမ်းသော ပထန်ကုလားကြီးတစ်ဦးနှင့် ဂျာမဒါမင်းထင်ဒိုက်ထိုးပြိုင်ကြရာ ဂျ မဒါမင်းထင်နိုင်သဖြင့် လူတိုင်း အံ့သြရလေ၏ ။

ဗလမောင်ကြီးတစ်ဦးနှင့် လက်မောင်းအားလုံသည့် အခါ၌ လည်း ဂျာမဒါမင်းထင်က အံ့သြဖွယ် ကောင်းအောင် အနိုင်ရဖူးလေ၏။

ထို့အပြင် ဂျာမဒါမင်းထင်သည် တိုက်ခိုက်ရေးပညာ အမျိုးမျိုးကိုလည်း ကျွမ်းကျင်တတ်မြောက် လေ၏။

ဂျာမဒါမင်းထင်၏ ရုပ်ရည်သည် ယောကျာ်းပီသပြီး ညို့ငင်အားအလွန်ကောင်းသူဖြစ်၏။ သူ၏ တည်ကြည်ခန့်ညားသော ရုပ်ရည်သည် လူအများ၏ အားကိုးဖွယ်ရာဖြစ်၏။

ဂျာမဒါမင်းထင်၏ ဝတ်စားဆင်ယင်ပုံနှင့် ပတ်သက်၍ ဖော်ပြရလျှင် ဂျာမဒါမင်းထင်သည် သက္ကလတ်ဘောင်းဘီနှင့် ကုတ်အင်္ကျီကို မကြာခဏဝတ်ဆင်တတ်၏။

ထိုအဝတ်အစားများသည် အရောင်ရင့်ရင့်များသာဖြစ်ပြီး တစ်ခါတစ်ရံလိုအပ်သည့်အခါ ဥရောပ ဝတ်စုံကို အကျအနဝတ်ဆင်တတ်၏။

ဂျာမဒါမင်းထင်ခရီးသွားသောအခါ သက္ကလတ်ဦးထုတ်ကို အမြဲဆောင်းလေ့ရှိပြီး အလွန်ကြီးမား သော သားရေအိတ်ကြီးကို ကိုယ်ခန္ဓာ၌ သိုင်းလွယ်ထားလေ့ရှိ၏။

ဂျာမဒါမင်းထင်သည် အစားအသောက်နှင့်ပါတ်သက်၍

ကိန်းခန်းကြီးသူတစ်ယောက်မဟုတ်သော် လည်း တစ်ခါတစ်ရံ တရုတ်စာကို အကျအနမှာယူစားသောက်တတ်၏။ ဥရောပအစားအစာကိုမူနှစ်

သက်ခြင်းမရှိဟု ပြောဖူး၏။

ဂျာမဒါမင်းထင်၏ ချစ်ဖွယ်ကောင်းသော အရာတစ်ခုမှာ မိတ်ဆွေကောင်းစိတ်ဓာတ်ပင်ဖြစ်၏။ သူသည် မိတ်ဆွေအပေါင်းအသင်းများအပေါ် အလွန်သစ္စာရှိပြီး ကူညီစောင့်ရှောက်လေ့ရှိ၏။

အားနည်းသူများနှင့် တွေ့လျှင်လည်း ကိုယ်ကျိုးစွန့်အနစ်နာခံ၍ ကူညီစောင့်ရှောက်တတ်၏။ လူလူချင်းအဆင့်အတန်း ခွဲခြားဆက်ဆံခြင်းကို မုန်းတီးရွံရှာသူဖြစ်၏။

ကျွန်ုပ်သည် ဂျာမဒါမင်းထင်နှင့် နေထိုင်စဉ်ကာလများအတွင်း များစွာပျော်ရွှင်မှုရရှိခဲ့၏။

စွန့်လွှတ်စွန့်စားမှုအမျိုးမျိုးကိုလည်း တွေ့ကြုံခဲ့၏။ အသည်းထိတ်ဖွယ် အန္တရာယ်အဖုံဖုံကိုလည်း ကြုံဆုံခဲ့ရ၏။

မည်သို့ပင်ဖြစ်စေ ဂျာမဒါမင်းထင်နှင့်နေထိုင်ရခြင်းကို ကျွန်ုပ်အလွန်ကျေနပ်၏။ ဂျာမဒါမင်းထင်နှင့် သာဆိုလျှင် မည်သည့်အန္တရာယ်ကိုမဆို ရင်ဆိုင်ဝံ့၏။

ကျွန်ုပ်သည် စာရေးရန် ဝါသနာထုံသည်အတွက် ဂျာမဒါမင်းထင်၏ စွန့်စားခန်းအမျိုးမျိုးကိုမှတ်တမ်း တင်ခဲ့၏။

ထို့ကြောင့်ပင် ဂျာမဒါမင်းထင်ဂတ္ထုများကို တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်၍ စာဖတ်သူများလက်သို့ ပို့ဆောင်ရန်ရှိ၏။

*

ပူပြင်းခြောက်သွေ့သော နွေရာသီအားလပ်သော နေ့တစ်နေ့၌ ကျွန်ုပ်နှင့်ဂျာမဒါမင်းထင်သည် ဘုန်းကြီးလမ်းနေအိမ်၌ စာအုပ်ကိုယ်စီဖြင့် ဖိမ်ကျနေလေ၏ ။

ဂျာမဒါမင်းထင်သည် အင်္ဂလိပ်စုံထောက်ဝတ္ထုတစ်ပုဒ်ကို ဖတ်ရှုပြီးသွားသဖြင့် ဝါးကနဲသမ်းဝေ လိုက်ပြီး အိမ်ရှေ့ဝရန်တာဆီသို့ လျှောက်သွားလေ၏ ။

ဝရန်တာသို့ ရောက်သောအခါ အောက်ဘက်ရှိ လမ်းသွားလမ်းလာများကို ကြည့်ရှုနေရာမှ ကျွန်ုပ် ဘက်သို့လှည့်၍

“ အမှုသည် တစ်ဦးရောက်လာလိမ့်မယ်ဗျို့ ၊ ကျုပ်တို့စားပွဲကို ရှင်းလင်းထားပေတော့ “

ဟုပြောလေ၏ ။ ထိုအခါ ကျွန်ုပ်က ဂျာမဒါမင်းထင်ရှိရာသို့ လျှောက်လှမ်းသွားပြီး

“ ကျုပ်တို့တိုက်ပေါ်တက်လာလို့လား “

ဟုမေးမြန်းလိုက်လေ၏ ။ ဂျာမဒါမင်းထင်က ကျွန်ုပ်အမေးကိုမဖြေဘဲ တိုက်အောက်သို့ လက်ညှိုးညွှန် ပြ၍

“ ဟိုအမျိုးသမီးက ကျုပ်တို့ရဲ့ အမှုသည်ပေါ့ဗျ “

ဟုပြောလေ၏ ။ ထိုအမျိုးသမီးသည် ကျွန်ုပ်တို့ အိမ်ပတ်ဝန်းကျင်ကို ဟိုသည်အကဲခတ်ပြီး ကြည့်ရှုနေလေ၏ ။

ထိုအခါ ကျွန်ုပ်က ရယ်မော၍

“ ဒီလိုကြည့်ရှုနေရုံနှင့် ကျုပ်တို့ အမှုသည်လို့ ဂျာမဒါမင်းထင်

ဘာလို့ပြောနိုင်တာလဲ "

ဟုမေးမြန်းလိုက်လေ၏။ ဂျာမဒါမင်းထင် ပခုံးတွန့်၍

" အမျိုးသမီးက လန်ချားတစ်စီးနဲ့ ကျုပ်တို့လမ်းထဲကို ဝင်လာတာဗျ၊ လမ်းထဲကိုရောက်တော့ လန်ချားကုလားကို ပြန်လွှတ်လိုက်တာဗျ၊ လန်ချားဟာ ကျုပ်တို့တိုက်ရှေ့မှာ ရပ်တာဆိုတော့ သူ့ရဲ့ကိစ္စဟာ ဒီအနီးတစ်ဝိုက်မှာပဲ ဖြစ်လိမ့်မယ်၊ နောက်ပြီးတော့ အမျိုးသမီးက ကျုပ်တို့ ပလက်ဖောင်း အရှေ့ဘက်ကို ကူးလိုက်သန်းလိုက် လုပ်နေတာ သုံးခါလောက် ရှိသွားပြီ၊ ဒါဟာ ဆုံးဖြတ်ချက် တစ်ခုချဖို့ ချီတုံချတုံဖြစ်နေတာ "

ဟုပြောရင်း အောက်ထပ်သို့ ငုံ့ကြည့်ကာ

" ကျုပ်စကားမဆုံးသေးဘူးဗျ၊ အမျိုးသမီးက ကျုပ်တို့ပလက်ဖောင်းကို ပြန်ကူးလာပြီဗျို့၊ ဒီတစ်ခါတော့ ကျုပ်ရဲ့လှေကားကို တက်မှာအမှန်ပဲ၊ ဧည့်သည်ကို ဧည့်ခံဖို့ ပြင်ဆင်ဗျာ "

ဟုပြောလိုက်လေ၏။

ကျွန်ုပ်လည်း အိမ်ထဲသို့ ပြေး၍ ကော်ဖီတစ်ခွက်ကို လျှင်မြန်စွာဖျော်ရလေ၏၊ ခဏကြာလျှင် ဂျာမဒါမင်းထင်၏ တံခါးကိုညင်သာစွာခေါက်သောအသံကိုကြားရလေ၏။ကျွန်ုပ်ကတံခါးဖွင့် ပေးလိုက်ရာ တံခါးဝ၌ ဂျာမဒါမင်းထင်ပြသော အမျိုးသမီးကိုမြင်တွေ့ရလေ၏။ သူမ၏ အလှကို အနီးကပ်မြင်ရ သောအခါ မိန်းမချောလေးတစ်ယောက်ဖြစ်ကြောင်း တွေ့ရလေ၏။ သူမ၏ ချောမောလှပသောမျက်နှာ၌ စိုးရိမ်သောကြောင့် အနည်းငယ်နွမ်းနယ်နေဟန်ရှိ၏။ ဂျာမဒါမင်းထင်က သူမကိုတည်ကြည်စွာကြည့်၍

" ထိုင်ပါဗျာ၊ ကျုပ်က ဂျာမဒါမင်းထင်ပါ၊ ဟောဒီက ပုဂ္ဂိုလ်က ကျုပ်ရဲ့ အရင်းနှီးဆုံး မိတ်ဆွေ ကိုမိုးကောင်းပါ၊ ကျုပ်တို့ကို ယုံယုံကြည်ကြည်နဲ့ ခင်ဗျားရဲ့ အခက်အခဲကို တိုင်ပင်နိုင်ပါတယ် "

ဟုပြောလိုက်ရာ အမျိုးသမီးသည် ကျွန်ုပ်တို့ အရှေ့ရှိ ကုလားထိုင်၌ ဝင်ထိုင်လေ၏။

သူမက ဂျာမဒါမင်းထင်ကို အားကိုးဟန်ဖြင့် ကြည့်၍

“ ကျွန်မနာမည်က မစိမ်းမြလို့ ခေါ်ပါတယ်ရှင့်၊ ကျွန်မတို့ မိသားစုမှာ ယုံယုံကြည်ကြည်နဲ့ တိုင်ပင်ရမဲ့လူ မရှိဘူး၊ ဒါကြောင့် ဂျာမဒါမင်းထင်စီကို အရဲစွန့်ပြီး လာခဲ့တာပါ “

ဟုပြောလေရာ ဂျာမဒါမင်းထင်ခေါင်းညိမ့်၍

“ ကျုပ်တတ်နိုင်သမျှ ဖြေရှင်းပေးပါမယ်၊ မစိမ်းမြရဲ့ အခက်အခဲကိုသာ ပြောပြပါ “

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ မစိမ်းမြက သက်ပြင်းချ၍

“ လွန်ခဲ့တဲ့ တစ်လလောက်ကစပြီး ကျွန်မတို့ အိမ်မှာရှိတဲ့ အဖိုးတန်ပစ္စည်းတွေ တစ်ခု ပြီးတစ်ခု ပျောက်တယ်ရှင့်၊ လက်သည်တရားခံကိုလဲ မှန်းဆလို့မရဘူး၊ ဒါကြောင့် ဂျာမဒါမင်းထင်စီ ကို အကူညီတောင်းဖို့ ရောက်လာတာပါ “

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က မစိမ်းမြ၏ စကားကြောင့် ခေါင်းခါယမ်း၍

“ ဒီအမှုမျိုးဆိုရင် ပုလိပ်တိုင်တာကောင်းလိမ့်မယ် “

ဟုပြောလေ၏။

ထိုအခါ မစိမ်းမြက မျက်နှာရှုံ့မဲ့၍

“ ကျွန်မ ပုလိပ်ကို တိုင်ခဲ့ပြီးပြီ၊ ဒါပေမဲ့ ပုလိပ်က ဘာမှအသုံးမကျဘူးရှင့်၊ ကျွန်မတို့ လူယုံတော်မြမြဆိုတဲ့ မိန်းကလေးကိုပဲ မသင်္ကာဘူးပြောနေတယ်၊ မြမြဟာ ကျွန်မတို့ငယ်စဉ်ကတည်း ကမွေးစားထားတဲ့

မိန်းကလေးရှင့် ၊ သိပ်ရိုးသားတယ် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ မစိမ်းမြတို့ အိမ်မှာ မိသားစုဘယ်နှစ်ယောက်ရှိသလဲ “

ဟုမေးမြန်းလေ၏ ။ မစိမ်းမြက ကော်ဖီခွက်ကို ယူ၍ တစ်ငုံသောက်လိုက်ပြီး

“ ကျွန်မနဲ့ အစ်မ မစိမ်းလဲ့ပဲရှိပါတယ် ၊ ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံး အိမ်ထောင် မရှိသေးပါဘူး ၊ ကျွန်မတို့အိမ်မှာ ငယ်စဉ်ကတည်းက မွေးစားထားတဲ့ မြမြဆိုတဲ့ မိန်းကလေးနဲ့ ထမင်းချက် ဒေါ်သန်းကြည် ခြံစောင့်မောင်လှ တို့ရှိပါတယ် ၊ ကျွန်မအစ်မကတော့ ရန်ကုန်မြို့ထဲက မက္ကဇင့်ဘဏ်မှာ လက်ထောက်မန်နေဂျာအလုပ်ကို လုပ်ပါတယ် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ မစိမ်းမြတို့ အိမ်က အဖိုးတန်ပစ္စည်းပျောက်တာ ဘယ်လိုသိသလဲ “

ဟုမေးမြန်းလေ၏ ။

ထိုအခါ မစိမ်းမြက ခေါင်းညိတ်၍

“ လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်မဗီရိုအံဆွဲထဲမှာရှိတဲ့ စက္ကူဘူးလေးထဲက ရွှေရင်ထိုးလေး ပျောက်သွားတယ် ၊ ဒါပေမယ့် ကျွန်မအစ်မ အစိမ်းလဲ့ ရုံးကို တပ်သွားတယ်ထင်လို့ ညနေရုံးဆင်းက ပြန်မှမေးမယ် ကြံခဲ့တယ် ၊ ဒါပေမယ့် ညနေစောင်းတော့ ကျွန်မလဲ မယ်လမုဘုရားပွဲကို သွားခဲ့ပြီး အစ်မကိုမမေးဖြစ်ခဲ့ဘူး ၊ အဲဒီ ရွှေရင်ထိုးလေးက ကျွန်မ အစ်မရဲ့မွေးနေ့မှာ ကျွန်မကိုယ်တိုင် လက်ဆောင်ပေးခဲ့တဲ့ ရွှေရင်ထိုးလေးပဲ “

ဟုပြောရင်း ကော်ဖီကို တစ်ငုံမျှသောက်ပြန်၏ ။ ပြီးနောက် သူမ၏ စကားကို ဆက်ပြန်၏ ၊

“ လွန်ခဲ့တဲ့ သုံးပါတ်လောက်ကလဲ ဗီရိုကို ဖွင့်ကြည့်တော့ ကျွန်မအစ်မရဲ့ ရွှေလက်ပတ် နာရီလေး ပျောက်ဆုံးနေတာတွေ့ရတယ်၊ ရွှေလက်ပတ်နာရီက စိန်စီထားတဲ့အတွက် အလွန်တန်ဖိုးရှိ တယ်၊ ကျွန်မအစ်မကို အာမခံကုမ္ပဏီက ဂုဏ်ပြုချီးမြှင့်တဲ့ နာရီလေးပါ၊ ဒါပေမယ့် နာရီက စက်မမှန် တဲ့အတွက် ဆိုင်ပို့မယ်လို့ ကျွန်မအစ်မက ပြောဖူးတဲ့အတွက် ဆိုင်ပို့ပြီးပြင်ထားတယ်ထင်ပြီး မမေးဖြစ် ခဲ့ပြန်ဘူး “

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က စိတ်ဝင်စားစွာနားဆင်နေရာမှ

“ အခုအချိန်ထိ ပျောက်ဆုံးသွားတဲ့ အဖိုးတန်ပစ္စည်းတွေက မစိမ်းမြရဲ့ အစ်မ အစိမ်းလဲ့ရဲ့ ပစ္စည်းတွေပဲနော် “

ဟုပြောလေ၏။ မစိမ်းမြက ခေါင်းညိမ့်၍

“ ဟုတ်ပါတယ်ရှင်၊ ပျောက်ဆုံးနေတာ အစ်မရဲ့ ပစ္စည်းတွေပါပဲ၊ လွန်ခဲ့တဲ့ စနေနေ့က အိမ်ဖော်တွေက ပွဲကြည့်ချင်တယ်ဆိုလို့ နေ့တစ်ဝက် အနားပေးခဲ့ပါတယ်၊ ကျွန်မလဲ သူငယ်ချင်း တစ်ယောက်ရဲ့ ဘုရားကိုးဆူပွဲကို သွားခဲ့တယ်၊ ဘုရားကိုးဆူက ပြန်လာတော့ ကျွန်မရဲ့ ရတနာထည့်တဲ့ သေတ္တာကို မွှေနှောက်ထားတာတွေ့ရပြီး သေတ္တာထဲက နီလာလက်စွပ်လေး ပျောက် ဆုံးနေတာ တွေ့ရပြန်တယ်၊ နီလာလက်စွပ်လေးဟာ ကျွန်မအကြိုက်ဆုံးလက်စွပ်လေးဖြစ်လို့ ဝမ်းနည်းပီး ငိုခဲ့ရတယ်၊ ဒီအချိန် ရုံးကပြန်လာတဲ့ ကျွန်မအစ်မ မစိမ်းလဲက ကျွန်မငိုနေတာတွေ့သွား ပြီး နီလာလက်စွပ်လေး ပျောက်ဆုံးသွားတာ သိသွားပါတယ်၊တကယ်တော့နီလာလက်စွပ်ကလေးဟာ ကျွန်မ မွေးနေ့မှာ အစ်မလကဆောင်ပေးထားတဲ့ ပစ္စည်းပါ။ အစ်မကတော့ ကျွန်မကို ချော့မော့ပြီး နှစ်သိမ့်လိုက်ပါတယ်၊ နီလာ လက်စွပ်လေး အထားမှားလို့ ဖြစ်ပါလိမ့်မယ်လို့ ပြောတယ်၊ ဒါပေမဲ့ လက်စွပ်လေးကိုတော့ မတွေ့ရတော့ပါဘူး၊ ဒီတော့မှ အစ်မလည်း အခြားအဖိုးတန်အပစ္စည်းတွေ ပျောက်ဆုံးနေတာ သိသွားပါတယ်၊ ကျွန်မက ရွှေနာရီလေးကို ဆိုင်မှာပြင်ထားတယ်ထင်တယ်၊ အစ်မက

ရွှေနာရီလေးကို ကျွန်မ ယူဝတ်တယ်လို့ထင်ခဲ့တယ်၊ အစ်မကိုယ်တိုင်လည်း ရွှေရင်ထိုးလေးပျောက်နေတာ သိနေတယ်၊ ဒါပေမဲ့ ကျွန်မ ယူထားတယ်လို့ ထင်ပြီး မမေးခဲ့ဘူး၊ ဒီတော့မှ ညီအစ်မနှစ်ယောက်လုံး အိမ်က အဖိုးတန်ပစ္စည်းတွေ ပျောက်နေတာ သိခဲ့တယ်၊ အိမ်စေတွေကို မေးကြည့်တော့လည်း အိမ်စေအားလုံးက မသိကြဘူး၊ နောက်ဆုံး ပုလိပ်ဌာနကို တိုင်တော့ ပုလိပ်တွေက အိမ်လာပြီး စစ်ဆေးတယ်၊ ပုလိပ်တွေ စစ်ဆေးတော့မှ ရွှေလက်စွပ်နှစ်ကွင်း ထပ်ပြီးပျောက်နေတာ သိရတယ် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ပုလိပ်တွေက အမှုကို ဘယ်လိုကောက်ချက်ချသလဲ “

ဟုပြောလေရာ မစိမ်းမြက မကျေနပ်ဟန်ဖြင့် မျက်နှာမဲ့၍

“ ပုလိပ်တွေက တစ်အိမ်လုံးက အစေခံတွေကို စစ်ဆေးပြီးတော့ ကျွန်မတို့ အိမ်မှာမွေးစားထားတဲ့ မြမြ ဆိုတဲ့ကောင်မလေးကို မသင်္ကာဘူးလို့ ပြောပါတယ်၊ ပုလိပ်က မြမြ ကိုမသင်္ကာတဲ့အကြောင်းကတော့ လွန်ခဲ့တဲ့ စနေနေ့က အစေခံတွေ အငြိမ့်ပွဲကြည့်ချင်တယ်ဆိုလို့ ကျွန်မ ခွင့်ပေးခဲ့တယ်၊ အစေခံတွေအားလုံး အငြိမ့်ပွဲမှာ ပျော်ရွှင်နေတဲ့အချိန်မှာ မြမြ က ခေါင်းကိုက်တယ်ဆိုပြီး အိမ်ကိုပြန်ခဲ့တယ်၊ အိမ်ကိုရောက်တော့ တံခါးပိတ်ထားတယ်ဆိုပြီး အိမ်ရှေ့မှာ ထိုင်စောင့်နေခဲ့တယ်၊ အဲဒီ ညက ကျွန်မလဲ ဘုရားကိုးဆူရှိလို့ အိမ်ပြန်နောက်ကျတယ်၊ ကျွန်မအစ်မလဲ မဏ္ဍာဇင့်ဘဏ်မှာ အချိန်ပိုလုပ်ပေးနေရတယ်၊ ဒါကြောင့် အိမ်မှာ အစောင့်မရှိဘူး၊ အဲဒီ ညက မြမြ တကယ်ခေါင်းကိုက်နေတာရှင့်၊ ဒါကြောင့် မြမြ ကို တရားခံလို့ စွပ်စွဲတာ သဘာဝမကျဘူးလို့ ထင်ပါတယ် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းညိမ့်၍

“ ဒီအချိန်မှာ ဘယ်ကိစ္စမှ အတိအကျ မပြောနိုင်သေးပါဘူး၊

ကျုပ်တစ်ခုဘဲ မေးချင်တယ်၊ ကျေးဇူးပြုပြီး ဖြေဆိုပေးပါ၊ မစိမ်းမြတို့ ညီအစ်မမှာ ရည်ရွယ်ထားတဲ့ချစ်သူရှိပါသလား "

ဟုမေးမြန်းလေ၏။ ဂျာမဒါမင်းထင်၏ အမေးကြောင့် မစိမ်းမြ၏ မျက်နှာရဲရဲနီသွားပြီး

" ကျွန်မတို့ ညီအစ်မနှစ်ယောက်လုံး အပျိုကြီး လုပ်မယ်လို့ သဘောတူထားပါတယ်၊ ချစ်သူရည်းစား မထားပါဘူး "

ဟုပြောလေရာ ကျွန်ုပ်သည် မစိမ်းမြ၏ စွင့်ကားသောတင်နှင့် မို့မောက်သောရင်သားများကိုကြည့်၍ ပုရိသများအတွက် နှမြောတသသလို ခံစားလိုက်ရ၏။ ဂျာမဒါမင်းထင်က မစိမ်းမြကိုကြည့်၍

" မစိမ်းမြရဲ့ အိမ်စေ မြမြ ကို အပြစ်မရှိဘူးလို့ ဘာကြောင့်ဆိုနိုင်တာလဲ "

ဟုမေးမြန်းလိုက်၏။ မစိမ်းမြက တည်ကြည်စွာဖြင့်

" မြမြ ကို ကျွန်မတို့နဲ့ အမျိုးနီးစပ်တော်တယ်ရှင့် နဲ့ အမျိုးနီးစပ်တော်တယ်ရှင့်၊ ငယ်ငယ်လေးကတည်းက ခေါ်ပြီးမွေးစားထားတာ သူ့ရဲ့ စိတ်ဓာတ်ကို ကျွန်မတို့အသိဆုံး၊ သူဟာ သိပ်ရိုးသားတယ်၊ သူ့ရှေ့မှာ ရွှေတွေပုံထားရင်တောင် ကိုယ့်ပစ္စည်းမဟုတ်ရင် ကောက်ယူမယ့်လူမျိုး မဟုတ်ဘူး၊ တကယ်တော့ ကျွန်မတို့အိမ်က အိမ်စေတွေ အားလုံး ရိုးသားဖြောင့်မတ်ကြတယ်၊ ထမင်းချက် အဒေါ်ကြီးဆိုရင်လဲ အင်မတန်ရိုးသားတယ်၊ ခြံစောင့်မောင်လှကတော့ အိမ်ထဲကိုတောင် ဝင်လေ့မရှိဘူး၊ ခြံထဲမှာ တစ်ညလုံးလာစောင့်ပြီးတော့ မနက်မိုးလင်းရင် ပြန်သွားတာပဲ "

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က သူမ၏ စကားကို ဆုံးအောင်နားထောင်၍

“ မစိမ်းမြရဲ့ ပြဿနာကို ကျုပ်ဖြေရှင်းပေးပါ့မယ် ၊ ဒါပေမဲ့ ကျုပ်တို့ အချိန် (၃)ရက်လောက်တော့ ပေးစေချင်ပါတယ် ၊ လောလောဆယ်တော့ ကျုပ်မှာ အမှုဟောင်းလေးတွေကို လက်စမဖြတ်ရသေးလို့ပါ “

ဟုပြောဆိုလိုက်ရာ မစိမ်းမြသည် ဂျာမဒါမင်းထင်ကို ကျေးဇူးတင်ကြောင်းပြောဆိုပြီး အခန်းထဲမှ ပြန်လည်ထွက်ခွာသွားလေ၏ ။

ဂျာမဒါမင်းထင်က မစိမ်းမြထွက်ခွာသွားသောအခါ ကျွန်ုပ်ဘက်သို့ လှည့်၍

“ အဝတ်အစားလဲဗျို့ ကျုပ်တို့ မစိမ်းမြရဲ့အစ်မနဲ့ သွားတွေ့ရအောင် “

ဟုပြောလေရာ ကျွန်ုပ်လည်း အဝတ်အစားကို ကမန်းကတန်းလဲရလေ၏ ။

ကားပေါ်သို့ရောက်သောအခါ ကျွန်ုပ်က ဂျာမဒါမင်းထင်အား

“ ဒီအမှုကို ဘယ်လိုထင်လဲ ဂျာမဒါ “

ဟုမေးမြန်းလေ၏ ။

ဂျာမဒါမင်းထင်က သက်ပြင်းချ၍

“ ဒီအချိန်မှာ ပြောတာ စောလွန်းပါတယ် ၊ မစိမ်းလှဲ့နဲ့ တွေ့ပြီးရင်တော့ အဖြေတစ်ခုကို တွေ့လာမှာပါ “

ဟုပြောလေ၏ ။

*

ကျုပ်တို့သည် မစိမ်းလှဲ့လုပ်ကိုင်ရာ မက္ကဇင့် ဘဏ်သို့ ရောက်သောအခါ

မစိမ်းလဲ့၏ အမည်နှင့်ရာထူး အဆင့်အတန်းကိုပြောကာ တွေ့ဆုံခွင့်တောင်းလေ၏ ။

မကြာမီ ကျွန်ုပ်တို့နှစ်ယောက်သည် မစိမ်းလဲ့၏ ရုံးခန်းသို့ ရောက်ရှိသွားလေ၏ ။

မစိမ်းလဲ့သည် အသက် ၄၀ ဝန်းကျင်ရှိပြီး ညီမဖြစ်သူ မစိမ်းမြထက်ပင် ပိုမို၍ ချောမောလှပကြောင်း တွေ့ရလေ၏ ။ မစိမ်းလဲ့သည် ကျွန်ုပ်တို့အားအံသြဟန်ဖြင့် ကြည့်၍

“ ကျွန်မကို ဘာကြောင့်တွေ့ချင်တာလဲ ၊ ရှင်တို့ကို ကျွန်မ မသိပါလား “

ဟုမေးမြန်းလေ၏ ။ ထိုအခါ ဂျာမဒါမင်းထင်က မစိမ်းလဲ့ကိုဣန္ဒြေရရကြည့်၍

“ ကျွန်ုပ်နာမည်က ဂျာမဒါမင်းထင်လို့ခေါ်တယ် ၊ ကျုပ်ရဲ့အလုပ်က အလွတ်စုံထောက်အလုပ်ပဲဗျ ၊ မစိမ်းလဲ့ရဲ့ ညီမ မစိမ်းမြက အိမ်မှာပျောက်ဆုံးနေတဲ့ အဖိုးတန်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ကျုပ်ကိုအမှုအပ်တယ်ဗျ ၊ ကျုပ်က မစိမ်းမြအမှုလိုက်ဖို့ ၃ ရက်စောင့်ပါလို့ပြောလိုက်တယ် ၊ ကျုပ်ဒီအမှုကို မလိုက်မီမှာ မစိမ်းလဲ့ဟာ ဘာကြောင့် ကိုယ့်အိမ်က အဖိုးတန် ပစ္စည်းတွေကို ခိုးယူနေသလဲဆိုတာ ရှင်းပြမှဖြစ်မယ် “

ဟုပြောလေရာ မစိမ်းလဲ့သာမက ကျွန်ုပ်ပင်လျှင် အံ့အားသင့်သွားလေ၏ ။ မစိမ်းလဲ့သည် ဂျာမဒါမင်းထင်ကို အထိတ်တလန့်ကြည့်၍ တစ်စုံတစ်ရာကို ပြောဆိုရန် ကြံစည်၏ ။ ပြီးမှ သူမစကားမစတော့ဘဲ ထိုင်ခုံ၌ ထိုင်ကာ မျက်နှာကိုလက်ဝါးဖြင့် အုပ်ထားလေ၏ ။

ဂျာမဒါမင်းထင်က သက်ပြင်းချ၍

“ ကျွန်ုပ်ကို မစိမ်းမြကပြောခဲ့တယ် ၊ လက်စွပ်က လွဲလို့ အခြားပစ္စည်းတွေအားလုံးက မစိမ်းလဲ့ရဲ့ ပစ္စည်းတွေချည်ပဲတဲ့ ၊ အမှန်တစ်ကယ်

မစိမ်းလဲ့တို့အိမ်ကို သူခိုးဝင်ခဲ့ရင် အဖိုးတန်ပစ္စည်းမှန်သမျှ အကုန်ခိုးမှာပဲ ၊ ကိုယ်ပစ္စည်းကိုယ်ရှာဖွေပြီး ခိုးမှာမဟုတ်ဘူး ၊ မစိမ်းလဲ့တို့အိမ်က ပစ္စည်းတွေက ရွေးပြီး ခိုးခံနေရတာ ဗျ ၊ နောက်ပြီး ပစ္စည်းတွေခိုးခံရတာ တစ်လအတွင်းမှာ ဖြစ်နေတယ် ၊ အပြင်က သူခိုးတစ်ယောက်ဝင်ခိုးမယ်ဆိုရင် ရှိသမျှ ပစ္စည်းအကုန်ခိုးသွားမှာပဲ ၊ တစ်လအတွင်း တတိတိ ခိုးမှာမဟုတ်ဘူး ၊ အိမ်စေထဲက ခိုးမယ်ဆိုရင်လဲ တစ်ကြိမ်ခိုးရင် ပစ္စည်းတစ်ခုပဲခိုးမှာပဲ ၊ မစိမ်းလဲဟာ ကိုယ့်ပစ္စည်းတွေခိုးလို့ကုန်တော့ ညီမဖြစ်သူ မစိမ်းမြရဲ့ နီလာ လက်စွပ်ကိုခိုးတော့တာပဲ ၊ နီလာလက်စွပ်ကိုခိုးလို့ ဒီအမှုပေါ်သွားတာဗျ “

ဟုပြောလိုက်ရာ မစိမ်းလဲ့သည် စားပွဲပေါ်သို့ ခေါင်းတင်၍ ရှိုက်ကြီးတငင် ငိုယိုလေ၏ ။ အတန်ကြာအောင် ငိုယိုပြီးမှ

“ ဒီအကြောင်းတွေကို ကျွန်မ ဖွင့်ပြောမှဖြစ်တော့မယ် ၊ ရှင်ဟာ ဂုဏ်သိက္ခာရှိတဲ့ စုံထောက်တစ်ယောက်ဆိုရင် ကျွန်မ အဖြစ်ကို လူအများမသိအောင် ထိန်းသိမ်းမယ်လို့ ထင်ပါတယ် ၊ ကျွန်မတို့ ဒီည ကမ်းနားလမ်းက ဂရင်းဟိုတယ်မှာ ဆုံကြရအောင် ရုံးခန်းမှ ပြန်လာသောအခါ ကျွန်ုပ်က

“ဂျာမဒါ မှန်းဆလိုက်တာ ကွက်တိပဲနော် “

ဟု ချီးမွမ်းလိုက်ရာ ဂျာမဒါမင်းထင်က

“ ဒီအမှုက ရှင်းရှင်းလေးဗျ ၊ ပုလိပ်တွေလွဲသွားတာက အိမ်စေတွေဘက်ကို လမ်းကြောင်းလွဲသွားလို့ဗျ ၊ ပထမကတော့ ဒီအမှုမှာ ညီမဖြစ်သူ မစိမ်းမြကို သံသယဖြစ်မိတယ် ၊ နောက်တော့ မစိမ်းမြထက် မစိမ်းလဲဖြစ်နိုင်ချေ ပိုများတယ်လို့ တွေးမိလာတယ် “

ဟုပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က

“ ဒီမိန်းမက ကိုယ့်အိမ်က ပစ္စည်းတွေကို ဘာကြောင့်ခိုးနေသလဲ မသိဘူးနော်၊ ကျုပ်အထင်တော့ ယောက်ျားယူဖို့ ပိုက်ဆံစုနေသလားမသိဘူး “

ဟုပြောလေရာ ဂျာမဒါမင်းထင်က ရယ်မောၡ်

“ ညကျရင် အဖြေမှန်ပေါ်မှာပဲဗျ “

ဟုပြောလေ၏။

*

# အခန်း(၂)

ထိုနေ့ညသို့ ရောက်သောအခါ ကမ်းနားလမ်းရှိ ဂရင်းဟိုတယ်သို့ ကျွန်ုပ်တို့ရောက်ရှိခဲ့၏။

မစိမ်းလဲသည် ဂရင်းဟိုတယ်၏ ချောင်ကျသော စားပွဲတစ်လုံး၌ ထိုင်နေလေ၏။ ကျွန်ုပ်တို့ရောက်ရှိသွားသောအခါ စားသောက်ဖွယ်ရာများကို မှာယူလိုက်ပြီး မစိမ်းလဲက ရှက်ရွံ့ဟန်ဖြင့်

“ ရှင်တို့ ဒီအကြောင်းကို သိခဲ့ရင် ပါးစပ်လုံဖို့ ဒုတိယအကြိမ် တောင်းပန်ချင်ပါတယ် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က

“ ကျုပ်ရဲ့ အမှုသည်တွေရဲ့ ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်လို့ ကျုပ်တို့အထူးဂရုစိုက်ပြီး မပေါက်ကြားအောင် ကြိုးစားပါတယ်၊ ရဲရဲတင်းတင်းသာပြောပါ “

ဟုပြောလိုက်၏။

ထိုအခါ မစိမ်းလဲ့သည် ချီတုံချတုံမဖြစ်တော့ဘဲ သူမ၏ လျှို့ဝှက်ချက်ကို ရဲရဲဝံ့ဝံ့ ပြောချလိုက်၏။

“ ကျမဟာ မက္ကဇင့်ဘဏ်မှာ လုပ်ကိုင်ရင်းဘဏ်က အရာရှိတစ်ယောက်နှင့် တိတ်တခိုး ချစ်သူဖြစ်ခဲ့တယ်၊ ဒါပေမဲ့ ဒီလူက သစ္စာမရှိခဲ့ဘူး၊ ကျွန်မရဲ့မေတ္တာကို လှည့်ဖြားရယူပြီး တနေ့ ကျွန်မရဲ့ခန္ဓာကိုယ်ပါ

သိမ်းပိုက်ခဲ့တယ်၊ နောက်တော့ အိန္ဒိယက ရုံးခွဲတစ်ခုကို သူပြောင်းသွားတယ်၊ သူပြောင်းသွားပြီးနောက်ပိုင်း ကျွန်မကို လုံးဝမဆက်သွယ်တော့ဘူး၊ ကျွန်မလဲ သစ္စမရှိတဲ့ယောကျ်ားကို စိတ်နာနာနဲ့ မေ့ထားခဲ့တယ်၊ ဒါပေမဲ့ ဒီပြဿနာဟာ ဒီမှာမပြီးသေးဘူး၊ တစ်နေ့ ကျွန်မစီကို စာတစ်စောင်လာပေးသွားတယ်၊ အေးသိန်းပေးတဲ့စာကိုဖတ်ပြီး၊ ကျွန်မကိုယ်ကျွန်မ သတ်သေချင်စိတ်ပေါက်သွားခဲ့တယ်၊ အေးသိန်းဟာ ကျွန်မနဲ့ သစ္စမရှိတဲ့လူရဲ့ တိတ်တခိုးဇာတ်လမ်းကိုသိတယ်၊ နောက်ပြီးတော့ ကျွန်မတို့နှစ်ယောက် ရုံးခန်းထဲမှာ တိတ်တိတ်ပုန်းဖြစ်နေကြတဲ့ ဓါတ်ပုံတွေ သူ့စီမှာရှိတယ်၊ ဒီဓါတ်ပုံတွေ ပြန့်မသွားစေချင်ရင် သူ့ကို ပိုက်ဆံပေးရမယ်လို့ ခြိမ်းခြောက်တယ်၊ ဒီအချိန်ကစပြီး ကျွန်မဘဝက ကံဆိုးမိုးမှောင်ကျတော့တာပါပဲ၊ အေးသိန်းတောင်းသမျှငွေကို မရရအောင် ရှာဖွေပြီးပေးခဲ့ရတယ်၊ နောက်ဆုံးမရှာနိုင်တော့တဲ့အဆုံးမှာ အိမ်ကအဖိုးတန်ပစ္စည်းတွေခိုးရောင်းရတဲ့ဘဝရောက်လာတယ် “

ဟုပြောလေရာ၊ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

“ ကျုပ်နားလည်ပြီ၊ အေးသိန်းဆိုတဲ့လူဟာ မစိမ်းလဲ့ကို ဓါတ်ပုံပြပြီးငွေညှစ်တာလား “

ဟုမေးမြန်းလေရာ မစိမ်းလဲ့က ခေါင်းခါယမ်း၍

“ ဓါတ်ပုံတော့တစ်ခါမှ မပြဖူးဘူး၊ ဒါပေမဲ့ ကျွန်မတို့ အရှက်မရှိ ဖြစ်ချင်တိုင်းဖြစ်နေတာကို သူ့ပါးစပ်က တိတိကျကျ ထုတ်ပြောပါတယ်၊ ပြောရမှာတောင်ရှက်ပါတယ်ရှင် “

ဟုပြောလေရာ ဂျာမဒါမင်းထင်က လက်ကာပြ၍

“ ဘာမှမပူနဲ့၊ အေးသိန်းပြဿနာကို ကျုပ်ဖြေရှင်းပေးပါမယ်၊ အေးသိန်းလိပ်စာကိုသာပေးပါ “

ဟုတောင်းလိုက်၏။

မစိမ်းလွဲသည် ဂျာမဒါမင်းထင်ကို အားကိုးတကြီးဖြင့် အေးသိန်း၏ လိပ်စာကို ပေးလေ၏။

ဂျာမဒါမင်းထင်သည် အေးသိန်း၏ လိပ်စာအတိုင်း သဃ်္ဃန်းကျွန်းဘက်ရှိ နွားခြံတစ်ခြံသို့ လိုက်လေ၏။ ထိုအခါ နွားခြံနှင့် မလှမ်းမကမ်းရှိ ဘုံဆိုင်၌ အေးသိန်းအရက်သောက်နေကြောင်း သိရ၏။ ကျွန်ုပ်တို့သည် ဘုံဆိုင်နှင့် မလှမ်းမကမ်းရှိ သစ်ပင်ရိပ်၌ ကားကိုရပ်ကာ အေးသိန်းဆိုသူကို စောင့်ကြည့်၏။ အေးသိန်းသည် ယုတ်ညံ့သောရုပ်ရည်ရှိပြီး လူဖလံလေးမျှသာဖြစ်၏။ အေးသိန်းသည် ရေချိန်ကိုက်သောအခါ ဘုံဆိုင်အထဲမှထွက်၍ နွားခြံသို့ပြန်လေ၏။ ဂျာမဒါမင်းထင်သည် ကားအနီးသို့အေးသိန်းရောက်သောအခါ ၎င်းအား ကားထဲသို့ဆွဲသွင်းပြီး ငမိုးရိပ်တံတားရှိရာသို့ မောင်းနှင်သွားလေ၏။ အေးသိန်းသည် အော်ဟစ်ရုန်းကန်ပြီး လိုက်ပါလာ၏။ ဂျာမဒါမင်းထင်သည် တံတား၌ ကားကိုရပ်စေပြီး အေးသိန်း၏ ပါးကို ဖြန်းကနဲချလိုက်၏။ ထိုအခါ အေးသိန်းသည် အမူးပြေပြီးသွားပြီး

" ခင်ဗျားတို့ ကျုပ်ကိုဘာလုပ်မလို့လဲ၊ အသက်ကိုချမ်းသာပေးပါ "

ဟုတောင်းပန်လေ၏။

ဂျာမဒါမင်းထင်က

" အသက်ကိုချမ်းသာချင်ရင် မစိမ်းလွဲရဲ့ မတော်မတဲ့ဓါတ်ပုံတွေ ငါတို့ကိုပေး မပေးရင်တော့ မင်းကိုသတ်ပြီး ချောင်းထဲပစ်ချမှာပဲ "

ဟုပြောလေရာ အေးသိန်းသည် အလွန်ထိတ်လန့်သွားပြီး

" အမလေးမသတ်ပါနဲ့ဗျာ၊ မစိမ်းလွဲရဲ့ဓါတ်ပုံတွေ ကျွန်တော်စီမယ် တစ်ပုံမှမရှိပါဘူး၊ ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ "

ဟုပြောလေ၏။

ဂျာမဒါမင်းထင်က

“ ဓါတ်ပုံတွေမရှိရင် ၊ ဒီအကြောင်းတွေကို ဘာဖြစ်လို့ နိုက်နိုက်ချွတ်ချွတ် သိနေတာလဲ “

ဟုမေးမြန်း၏ ။

ထိုအခါ အေးသိန်းက ထိတ်ထိတ်လန့်လန့်ဖြင့်

“ မစိမ်းလဲ့နဲ့ ဖြစ်ခဲ့တဲ့ ကိုဝင်းစိုးဟာ အိန္ဒိယကို ပြောင်းကာနီးမှာ ကျွန်တော့်ကို သူ့အိမ်ခေါ်ပြီး ပစ္စည်းတွေရှင်းလင်းခိုင်းပါတယ် ၊ ပြီးတော့ ကျွန်တော်တို့နှစ်ယောက်အတူတူ အရက်သောက်ကြတယ် ၊ အရက်သောက်ရင်း ကိုဝင်းစိုးက မစိမ်းလဲ့ကို သူဘယ်လိုကြူးလွန်ခဲ့ကြောင်း မျက်လုံးထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်အောင် ပြောပြခဲ့တယ် ၊ ကျွန်ုပ်ဟာအဲ့ဒီတုန်းက ကိုဝင်းစိုးရဲ့စကားတွေကို စိတ်ဝင်စားလွန်းလို့ သေချာမှတ်သားထားခဲ့ပါတယ် ၊ နောက်တော့ မြင်းပွဲရှုံးရာကနေ ကြံရာမရဖြစ်ပြီး မစိမ်းလဲ့ကို ခြိမ်းခြောက် ငွေညှစ်ခဲ့တာပါ “

ဟုပြောလေရာ ဂျာမဒါမင်းထင်က

“ မင်းမစိမ်းလဲ့စီက ယူထားတဲ့ ပစ္စည်းတွေ အကုန်လုံးပြန်လိုချင်တယ် ၊ ပြန်မရရင် မင်းအသက်ကို ငါတို့ယူရမှာပဲ “

ဟုခြိမ်းခြောက်လိုက်၏ ။

ထိုအခါ အေးသိန်းသည် အလွန်ထိတ်လန့်သွားပြီး

“ ရွှေလက်စွပ်တစ်ကွင်းတော့ ရောင်းစားလိုက်ပြီ မရှိတော့ဘူး “

ဟုပြောလေ၏ ။

ဂျာမဒါမင်းထင်က

“ ကောင်းပြီ ဒါဆိုရင် ကျန်တဲ့ပစ္စည်းတွေကို မနက်ဖြန် မစိမ်းလဲ့ကို ပြန်ပေးလိုက် မပေးရင်တော့ မင်းအသက်ပေးရမယ် “

ဟုဆိုလေရာ အေးသိန်းသည် ထိတ်ထိတ်လန့်လန့်ဖြင့်

“ မနက်ဖြန် ပြန်ပေးလိုက်ပါမယ် “

ဟု ကတိပြုလေ၏ ။

ဂျာမဒါမင်းထင်က အေးသိန်းကို ကားပေါ်မှ ကန်ချလိုက်ပြီး

“ စကားမတည်ရင်တော့ အသက်ပေးရမယ် “

ဟုပြောလေ၏ ။

ကျွန်ုပ်တို့သည် အေးသိန်းကို ထားရစ်ခဲ့ပြီး အလုံဘက်ရှိ ချစ်တီးထမင်းဆိုင်ကလေး၌ သွားရောက်စားသောက်ကြလေ၏ ။

ဂျာမဒါမင်းထင်သည် မစိမ်းလဲ့တို့ ညီအစ်မ၏ အမှုကို လိုက်ရန်မလိုတော့ဟုယူဆကာ

“ သူတို့ပြဿနာ အလိုလိုပြေလည်သွားပါပြီဗျာ ၊ ကျုပ်တို့ သွားတွေ့စရာမလိုတော့ပါဘူး ”

ဟုပြောလိုက်လေ၏ ။

*

နှစ်ရက်ခန့်ကြာသောအခါ ကျွန်ုပ်တို့နေထိုင်ရာ ဘုန်းကြီးလမ်းတိုက်ခန်းသို့ မစိမ်းလဲရောက်ရှိလာပြီး ဂမ်းသာအားရဖြင့်

“ ဂျာမဒါမင်းထင် ကူညီပေးလို့ ကျွန်မရဲ့ပစ္စည်းတွေ ပြန်ရခဲ့တယ်၊ ရွှေလက်စွပ်တစ်ကွင်းကိုတော့ သူရောင်းစားလိုက်တယ်ပြောတယ် ”

ဟုပြောလိုက်လေ၏။

ဂျာမဒါမင်းထင်က ခေါင်းညိမ့်၍

“ ဒါဆိုရင်လဲ မစိမ်းလဲ့ညီမ မစိမ်းမြကို ပစ္စည်းတွေပြန်ပြပြီး အဆင်ပြေသလိုကြည့်ရှင်းလိုက်ပေါ့ဗျာ ”ဲ

ဟုပြောလိုက်၏။

မစိမ်းလဲ့သည် ဂျာမဒါမင်းထင်ကို ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောကာ စာအိတ်ထဲတွင် ငွေစက္ကူတစ်ထပ်ကို ထည့်၍ ပေးအပ်ခဲ့လေ၏ ။

ကျွန်ုပ်က မစိမ်းလဲ့ပြန်သွားသောအခါ စာအိတ်ထဲရှိ ငွေစက္ကူများကိုကြည့်၍

“ ဒီလိုတော့လဲ ဘယ်ဆိုးလို့လဲ ဂျာမဒါ ”

ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က ခေါင်းညိမ့်၍

“ ဒီနေ့ညနေ ဘုံဘေရက်စတော့ရင့်မှာ ဘီယာသွားသောက်ကြမယ်ဗျို့ ”

ဟုပြောလိုက်လေတော့၏။

*

တစ်နေ့တစ်၌ ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် ဘောက်ထော်ဘက်ရှိအော်စတင်ကားလေးကို သွားရောက်ပြင်ဆက်ပြီးနောက်

ဘုန်းကြီးလမ်းနေအိမ်သို့ ပြန်လာခဲ့၏ ။

ဘောက်ထော်ဘက်ရှိ ခြံကြီးတစ်ခြံရှေ့သို့ ရောက်သောအခါ ပုလိပ်ဌာနမှ ဂျစ်ကားနက်ကြီး ရပ်တန့်ထားသဖြင့် ဂျာမဒါမင်းထင်က

“ အမှုဖြစ်နေပြီဗျို့ ၊ ရှေ့မယ် ကျုပ်တို့မိတ်ဆွေကြီး ဌာနအုပ်ဦးကျော်ရဲ့ ဂျစ်ကားကိုတွေ့တယ် ”

ဟုပြောကာ အော်စတင်ကားလေးကို အရှိန်လျော့လိုက်လေ၏ ။

ဂျာမဒါမင်းထင်ညွှန်ပြသော ခြံ၏ အရှေ့၌ ပုလိပ်သားတစ်ယောက်ကို အစောင့်ချထားကြောင်းတွေ့ရ၏ ။ ထိုအခိုက်မှာပင် ခြံတံခါးဝ၌ ဌာနအုပ်ဦးကျော်ကို မြင်လိုက်ရသဖြင့် ဦးကျော်က ဂျာမဒါမင်းထင်ကို မြင်သောအခါ ဝမ်းသာအားရအမူအရာဖြင့်

“ဂျာမဒါမင်းထင်ကို မြင်ရတာ ဝမ်းသာလိုက်တာဗျာ ၊ ခြံထဲမှာ လူသတ်မှုဖြစ်နေပြီဗျို့ အမှုကတော့ ခပ်ရှုပ်ရှုပ်ပဲ ဂျာမဒါမင်းထင် အကူအညီမပေးရင်တော့ တရားခံကို ဖမ်းဖို့ မလွယ်ဘူး ”

ဟုပြောလေ၏ ။ ဂျာမဒါမင်းထင်က ကားပေါ်မှဆင်း၍

“ ဘယ်လိုဖြစ်တာလဲဗျ ”

ဟုမေးလိုက်၏ ။ ဌာနအုပ် ဦးကျော်က မျက်နှာကို ရှုံ့မဲ့၍

“ ရင်ဝကို ဓားနဲ့ထိုးစိုက်သွားတာဗျ ၊ သဲလွန်စလဲကောက်မရဘူး ၊ သေသူရဲ့အနီးမှာ ရွှေမျက်မှန်အကျိုးတစ်ချောင်းတော့ တွေ့တယ် ၊ ဂျာမဒါမင်းထင်စစ်ဆေးကြည့်ပါအုံးဗျာ ”

ဟုပြောပြီး ခြံထဲသို့ ဦးဆောင်၍ ဝင်သွားလေ၏ ။

ခြံကြီးမှာ ကုန်းမြင့်အထက်၌ ရှိပြီး နှစ်ထပ်တိုက်၏ အရှေ့၌ ပန်းဥယျာဉ်ငယ်လေးတစ်ခု ရှိလေ၏ ။

ပန်းဥယျာဉ်ထဲ၌ ရောင်စုံပန်းများကို သူ့နေရာနှင့်သူ စီစီရီရီ စိုက်ပျိုးထားလေ၏။

ကျွန်ုပ်တို့ အိမ်ကြီးထဲသို့ ဝင်ရောက်သွားသောအခါ ဧည့်ခန်းထဲရှိ ဆိုဖာပေါ်တွင် ပြိုလဲကျနေသော သေသူ၏ အလောင်းကို တွေ့ရ၏။ သေသူသည် ဆိုဖာရှည်ကြီးပေါ်၌ ကိုယ်ခန္ဓာ ကွေးကောက်ပြီး သေဆုံးနေလေ၏။

ဧည့်ခန်းတစ်ခုလုံးကို ကော်ဇောခင်းထားပြီး ဧည့်ခန်းနံရံကို ကပ်ရိုက်ထားသော စာအုပ်စင်တစ်ခုရှိ၏။

ကျွန်ုပ်က စာအုပ်စင်အနီးသို့ တိုးကပ်၍

" သေသူဟာ စာဂျပိုးဖြစ်မယ်ဗျို့ "

ဟု လူတတ်ကြီးလုပ်၍ မှတ်ချက်ချလိုက်၏။

ဂျာမဒါမင်းထင်က သေသူ၏ အနီးသို့ တိုးကပ်၍ ရင်ဝသို့ စိုက်ဝင်နေသော ဓားမြှောင်ကိုကြည့်၍

" ရှေးဟောင်းဓားတစ်လက်ဗျ၊ ဓားရဲ့ လက်ကိုင်က ကနုတ်လက်ရာတွေ အတော်ကောင်းတယ်။ ဒီအိမ်မှာ ဒီပြင် အိမ်သားတွေ မရှိဘူးလား "

ဟုမေးမြန်းလိုက်၏။ ထိုအခါ ဌာနအုပ်ဦးကျော်က ခေါင်းခါယမ်း၍

" ဒီအိမ်မှာ ထမင်းချက်အဘွားကြီးတစ်ယောက်ပဲ ရှိတယ်ဗျ "

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က သေသူကို စစ်ဆေးကြည့်ရှု၍

" မနေ့ညက သေတာဗျ၊ အနည်းဆုံး ၁၀ နာရီကျော်လောက်တော့ရှိပြီ၊ သေသူရဲ့အလောင်းကို ဘယ်သူတွေ့တာလဲ "

ဟုမေးမြန်းလေရာ ဌာနအုပ်ဦးကျော်က

" ထမင်းချက် အဘွာကြီး ဒေါ်ရွှေဗျ၊ ဒေါ်ရွှေက မနက် ၇

နာရီရောက်လာပြီး ည ၇ နာရီဆိုရင် အိမ်ပြန်ရတယ် ”

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ထမင်းချက်အဘွားကြီးကို တွေ့လိုကြောင်း ပြောလေရာ ပုလိပ်သားတစ်ဦးက သွားရောက်ခေါ်ဆောင်ပေးလေ၏။

ကျွန်ုပ်သည်သေသူ၏ ဥပဓိရုပ်ကို အကဲခတ်ကြည့်ရှုလေရာ အသက် ၅၀ ဝန်းကျင်မျှရှိပြီး ရုပ်ရည်မှာ ကြမ်းကြုတ်ရက်စက်သော အမူအရာရှိလေ၏။

သေသူ၏ ရင်ဝ၌ စိုက်ဝင်နေသော ဓားမြှောင်မှ သွေးစီးကြောင်းများသည် ကြမ်းခင်းကော်ဇောပေါ်သို့ စီးကျနေလေ၏။ ထိုအခိုက်မှာပင် ဂျာမဒါမင်းထင်ခေါ်ခိုက်လိုက်သော ထမင်းချက်အဘွားကြီး ရောက်ရှိလာ၏။

အဘွားကြီးက တည်ငြိမ်အေးဆေးသော အမူအရာမျိုးရှိပြီး ရိုးသားဖြူစင်ပုံရလေ၏။

အဘွားကြီးက

“ အဘွားက ဒီအိမ်မှာ ထမင်းချက်ပါ၊ မနက် ၇ နာရီရောက်အောင်လာပြီး ည ၇ နာရီပြန်ရတယ်။ နေ့လယ်ခင်းတွေမှာ အိမ်သန့်ရှင်းရေး နည်းနည်းပါးပါးလုပ်ရတယ်၊ ဒီနေ့မနက် အိမ်ကိုရောက်တော့ မောင်ဘိုးထင် သေနေတာတွေ့ရတာ ပါပဲ ”

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိမ့်၍

“ ကိုဘိုးထင်မှာ မိတ်ဆွေအပေါင်းအသင်းမရှိဘူးလား ”

ဟုမေးမြန်းလေ၏။

အဘွားကြီးက ခေါင်းခါယမ်း၍

“ မောင်ဘိုးထင်က တစ်ကောင်ကြွက်ကွယ့်၊ အဘွားဒီအိမ်မှာ

ထမင်းချက်လုပ်တဲ့ သက်တမ်းတစ်လျှောက်မှာ ဘယ်သူမှ လာလည်တာမတွေ့ဖူးဘူး ၊ မောင်ဘိုးထင်ဟာ အိမ်ထဲက အိမ်ပြင်ကို ထွက်ခဲတယ် ၊ ရန်ကုန်မြို့ထဲကိုတောင် တစ်လနေ့စ်ခေါက်လောက်ပဲ ထွက်လေ့ရှိတယ် ”

ဟုပြောလေ၏ ။ ဂျာမဒါမင်းထင်က ခေါင်းညိမ့်၍

“ ဒီမနက် ကိုဘိုးထင်ကို ဘယ်လိုတွေ့တာလဲ ”

ဟုမေးမြန်းလေ၏ ။

ထမင်းချက်အဒေါ်ကြီးက စိတ်မကောင်းဟန်ဖြင့် မျက်နှာညှိုးနွမ်းသွားပြီး

“ မနက်က အိမ်ကိုရောက်တော့ ခြံတံခါးပွင့်နေတာနဲ့ မသင်္ကာဖြစ်သွားပြီး အသံပြုကြည့်တယ် နောက်တော့ မောင်ဘိုးထင် အသံမကြားတာနဲ့ဧည့်ခန်းထဲကို ဝင်ကြည့်တော့ မောင်ဘိုးထင်ရဲ့ အဖြစ်ဆိုးကို တွေ့ရတာ ပါပဲ ၊ ဒါကြောင့် အဘွားလဲ ခေါင်းနပမ်းကြီးသွားပြီး ပုလိပ်ဌာနကို အကြောင်းကြားခဲ့တယ် ”

ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ကိုဘိုးထင်ရဲ့ အလောင်းကို အဘွားတွေ့တဲ့အချိန်မှာ ဧည့်ခန်းက မီးချောင်းက အခုလိုပဲ လင်းနေတာပဲလား ”

ဟုမေးမြန်း၏ ။ အဘွားကြီးက ခဏတာမျှစဉ်းစားလိုက်၍

“ ဟုတ်တယ် ဧည့်ခန်းမီးချောင်းကြီးက လင်းနေတယ် ”

ဟုပြောလေ၏ ။ ထို့နောက် ဂျာမဒါမင်းထင်က ထမင်းချက်အဘွားကြီးရဲ့ မိသားစုအကြောင်းကို မေးမြန်း၍ ကျေးဇူးတင်စကားပြောပြီး ပြန်လွှတ်လိုက်လေ၏ ။

ပြီးနောက် သေသူ အနီးရှိ ကြမ်းပြင်ပေါ်၌ အိုင်ထွန်းနေသော သွေးအိုင်ကိုကြည့်ကာ

“ ဟင် သွေးနဲ့ စာလုံးတစ်လုံးကို ရေးခြစ်ထားသလိုပဲ ၊ အင်္ဂလိပ်စကားလုံး ( S ) နှင့် ခပ်ဆင်ဆင်ပဲဗျို့ ”

ဟုဆိုလိုက်ရာ ဌာနအုပ်ဦးကျော်က သွေးအိုင်ကို သေချာစွာကြည့်လိုက်ရာ အင်္ဂလိပ်စကားလုံး (S) နှင့် ဆင်တူကြောင်းတွေ့ရ၏ ။

ဌာနအုပ် ဦးကျော်က

“လူသတ်သမားရေးတာလား ဒါမှမဟုတ် သွေးအိုင်က အလိုလို (S) စာလုံးပုံစံဖြစ်သွားတာလား ”

ဟုရေရွတ်လေ၏ ။ ဂျာမဒါမင်းထင်က သေသူကို မတင်၍ လက်ချောင်းများကို သေချာစွာကြည့်ရှု၍

“ ကိုဘိုးထင်ရေးတာတော့မဟုတ်ဘူး လူသတ်သမားရေးတာဖြစ်မယ် ”

ဟုဆိုကာ ထိုင်ရာမှ ထပြီး ခြံထဲသို့ ဆင်းသွားလေ၏ ။ ကျွန်ုပ်သည် ဂျာမဒါမင်းထင်၏ အနောက်မှ တကောက်ကောက် လိုက်ခဲ့လေ၏ ။ ဂျာမဒါမင်းထင်က ခြံစည်းရိုးအနီးသို့ ခိုတွဲ၍ တက်လိုက်ပြီး ခေါင်းညိမ့်၍

“ လူသတ်သမားက ဒီနေရာက ဝင်လာတာဗျို့ ဟောဒီမှာ ပိုလိုစီးကရက်တိုလေး နှစ်ခုပါလား ”

ဟုဆိုကာ အိမ်ထဲသို့ ပြန်လည်ဝင်ရောက်လာပြီး အိမ်၏ မီးဖိုခန်းဘက်သို့ လျှောက်ခဲ့၏ ။ မီးဖိုခန်းရှိ ကြောင်အိမ်ကိုဖွင့်၍ စစ်ဆေးကြည့်ပြန်၏ ။ ပန်းကန်စင်၌ ရှိသော ခွက်တစ်ခုကိုလည်း ယူ၍ အနံ့ခံကြည့်လိုက်၏ ။

ပြီးနောက် အိမ်၏ အနောက်ဘက်တံခါးကိုဖွင့်၍ အနောက်ဘက်ခြံစည်းရိုးကို ကြည့်ပြန်၏ ။

ဂျာမဒါမင်းထင်သည် အားရအောင်စစ်ဆေးပြီးနောက် ဧည့်ခန်းထဲသို့

ပြန်ဝင်လာပြီး ဌာနအုပ်ဦးကျော်ကိုကြည့်၍

“ လူသတ်သမားက သန်မာတောင့်တင်းပြီး လက်မောင်းအားသန်တယ်ဗျ ၊ သူဟာခြံရှေ့က တံတိုင်းကို ကျော်ပြီးဝင်လာတယ် ၊ နောက်ပြီးတော့ ဧည့်ခန်းထဲကိုဝင်ပြီးတော့ ကိုဘိုးထင်ကို လုပ်ကြံသွားတာပဲဗျ ၊ လူသတ်မှုကတော့ ရန်ငြိုးရန်စကြောင့်ဖြစ်တာပဲ ၊ လူသတ်သမားရဲ့ လုပ်ကိုင်ပုံတွေဟာ ကြေးစားတစ်ယောက်နဲ့ ဆင်တူတယ် ၊ ဒါပေမဲ့ လူသတ်မှုဖြစ်ပွားရာနေရာကရတဲ့ ရွှေမျက်မှန် အကျိုးကတော့ အတော်တန်ဖိုးကြီးပုံရတယ် ၊ လူသတ်သမားနဲ့ ဘာမှ မဆိုင်သလိုပဲဗျ ”ဟုပြောလေ၏ ။ ထိုအခါ ကျွန်ုပ်က ဝင်ရောက်၍

“ သွေးအိုင်ထဲက အင်္ဂလိပ်စာလုံး (S)ကို ရေးထားတာ ဘာအဓိပ္ပာယ်လို့ ထင်လဲ ”

ဟုမေမြန်းလေ၏ ။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ လူသတ်သမားက တစ်စုံတစ်ဦးကို အသိပေးချင်လို့လား ဒါမှမဟုတ် ပုလိပ်တွေကို သဲလွန်စတစ်ခု ချန်ခဲ့တာလားမသိဘူး ”

ဟုပြောလေ၏ ။ ဂျာမဒါမင်းထင်သည် ထိုသို့ ပြောရင်း ဧည့်ခန်းထဲရှိ ဗီရိုအံဆွဲများကို ဖွင့်၍ ရှာဖွေလေ၏ ။

ထိုအခါ အံဆွဲထဲ၌ ရှိသော ငွေစက္ကူတစ်ထုပ်နှင့် ဘဏ်စာအုပ် တစ်အုပ်ကို တွေ့ရ၏ ။

ဂျာမဒါမင်းထင်က ဘဏ်စာအုပ်ကိုဖွင့်ကြည့်၍ ခေါင်းညိမ့်လိုက်ပြီး

“ ဒီလူက သူဌေးပဲဗျို့ ဘဏ်စာအုပ်ထဲမှာ ပိုက်ဆံတော်တော် များများရှိနေတယ် ၊ သူ့မှာ ပိုက်ဆံဒီလောက်ရှိပြီ ဘာလို့ အထီးကျန်နေထိုင်ခဲ့တာလဲ ”

ဟုရေရွတ်ရင်း စာအုပ်စင်သို့သွားကာ စာအုပ်များကို မွှေနှောက်ရှာဖွေပြန်၏။ ကျွန်ုပ်လည်း စာအုပ်များကို ဝင်ရောက်ကြည့်ရှုလေ၏။ စာအုပ်စင်၌ အင်္ဂလိပ်ဘာသာစကားဖြင့် ရေးထားသော နိုင်ငံရေးစာအုပ်တော်တော်များများကို တွေ့ရလေ၏။ ဂျာမဒါမင်းထင်သည် စာအုပ်တစ်အုပ်ကို လှန်လှောကြည့်ရှုရင်း ဓါတ်ပုံတစ်ပုံ ထွက်ကျလာသဖြင့် ကြည့်ရှုလိုက်ရာ ဆယ်ကျော်သက်အရွယ် လူငယ်သုံးယောက်ရိုက်ထားသော ဓါတ်ပုံတစ်ပုံဖြစ်၏။ ဓါတ်ပုံ၏ အနောက်ကျောကို ကြည့်လိုက်ရာ အောက်ပါအတိုင်းတွေ့ရ၏။

ရှိန်းမကားဆရာကြီးဦးစိန်၏ ကန်တော့ပွဲ၌ ရိုက်ကူးသည်။

မောင်ဘိုးထင်၊ မောင်မြသန်း၊ မောင်သုခ

ဓါတ်ပုံ၏ အောက်ခြေ၌ ဓါတ်ပုံဆရာ၏ တံဆိပ်တုံးကို မပီဝိုးတဝါးတာမြင်တွေ့ရ၏။

ဂျာမဒါမင်းထင်က ဓါတ်ပုံလေးကို ယူ၍ အိတ်ထဲသို့ထည့်လိုက်ပြီး

“ လူသတ်မှုနဲ့ ပတ်သက်တဲ့ သဲလွန်စဆိုလို့ ဒီဓါတ်ပုံလေးပဲ ရှိတယ်၊ ကျုပ်တို့ ရှိန်းမကားကို သွားပြီးစုံစမ်းရမယ် ”

ဟုပြောလေ၏။ ဌာနအုပ်ဦးကျော်က မျက်မှောင်ကြုတ်၍

“ သေသူ ကိုဘိုးထင်က ရှိန်းမကားဇာတိဖြစ်နေတယ်၊ ဒီအမှုကို ကြည့်ရတာ အတော်ရှုပ်ထွေးပုံရတယ်၊ ဂျာမဒါမင်းထင် အစ အဆုံး ကူညီမှဖြစ်မယ်နော် ”

ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

“ ဒီအတွက်မပူပါနဲ့ဗျာ၊ လူသတ်တရားခံကို ကျုပ်မရရအောင် ဖမ်းပေးပါ့မယ် ” ဟုပြောလိုက်၏။

*